EXPERTISE
sodexo QUALITY OF LIFE SERVICES

# Sodexo ၏ လုပ်ငန်းခွင်အတွင်း အခြေခံ လူ့အခွင့်အရေးဆိုင်ရာ ထုတ်ပြန်ချက်

၂၀၂၁ခုနှစ်၊ စက်တင်ဘာလ - အဖွဲ့အစည်းဆိုင်ရာ ကျင့်ဝတ်များ

၁၉၆၆ ခုနှစ်၊ Sodexo တည်ထောင်ခြင်းစတင်ကတည်းကပင် လူများသည် ကျွန်ုပ်တို့၏ စီးပွားရေးတည်ဆောက်ပုံ၏ အဓိကနေရာတွင်ရှိခဲ့ပြီး ၎င်းတို့၏ မျှော်မှန်းချက်များကို ကိုက်ညီစေရန်သည် ကျွန်ုပ်တို့၏ ဦးစားပေးဖြစ်ခဲ့ပါသည်။ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အတွက် ကျွန်ုပ်တို့ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းများ၊ နေရာဒေသများနှင့် နိုင်ငံများရှိ လူအားလုံးတို့၏ ဘဝရပ်တည်မှု အရည်အသွေးကို မြှင့်တင်ရန်အတွက် Sodexo ၏ မရှိမဖြစ် လုပ်ငန်းဆောင်တာဖြစ်ပါသည်။ ထို့ကြောင့် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းသည် ကျွန်ုပ်တို့၏တာဝန်ယူမှုရှိသော စီးပွားရေးဆောင်ရွက်မှုကတိများ၏ ထောက်တိုင်တစ်ခုပင် ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာအလုပ်အကိုင်ပေးနိုင်သည့် အဖွဲ့အစည်းဖြစ်သည့်အလျောက် Sodexo အနေဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်သော အခြေအနေအမျိုးမျိုးကို ကြုံတွေ့ရပြီး ထိုအခြေအနေများကို အမြဲတမ်းထိန်းချုပ်နိုင်မည်တော့မဟုတ်ပါ။

Sodexo သည် လူ့အခွင့်အရေးနှင့် ပတ်သက်၍ အောက်ပါကတိကဝတ်များကို ဆောင်ရွက်ပါသည်-

- Sodexo သည် စီးပွားရေးဖော်ဆောင်သည့် မည်သည့်နေရာတွင်မဆို လူ့အခွင့်အရေးကို လေးစားလိုက်နာသည်။
- Sodexo သည် အခြားသူများ၏ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းမရှိဘဲ စီးပွားရေးကိစ္စရပ်များကို ဆောင်ရွက်ရန်သာ ဖြစ်ပြီး ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းဆောင်တာများတွင် လူ့အခွင့်အရေးနှင့် ဆန့်ကျင်သည့် သက်ရောက်မှုများကို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်သည်။
- လူ့အခွင့်အရေးကို အထူးဂရုစိုက်သည့်အားလျော်စွာ Sodexo အနေဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးဆိုင်ရာ ဆက်ဆံမှုများ ကို တိုက်ရိုက်ချိတ်ဆက်လာနိုင်သည့် သို့မဟုတ် ဖြစ်ပွားနိုင်သည့် သို့မဟုတ် ကြုံတွေ့လာနိုင်သည့် လူ့အခွင့်အရေးနှင့် ဆန့်ကျင်သည့် သက်ရောက်မှုများကို လေ့လာနိုင်ရန်၊ ကာကွယ်နိုင်ရန်နှင့် ဖယ်ရှားရှင်းလင်းနိုင်ရန် ရှာဖွေဆောင်ရွက် သွားမည်ဖြစ်သည်။

ထိုကတိကဝတ်များကို နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ အသိပေးဖော်ဆောင်ပါသည်။ ၎င်း စည်းမျဉ်းစည်းကမ်းများသည် စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂလမ်းညွှန်ချက်များ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေး ဥပဒေကြမ်း၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အလုပ်ခွင်အခြေခံမူများနှင့် အခွင့်အရေးများဆိုင်ရာ ကြေငြာစာတမ်းနှင့် ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်တို့၌ လက်မှတ်ထိုးခဲ့သည့် ၂၀၀၃ ခုနှစ် ကတည်းကပင် ရေးဆွဲထားပါသည်။

ထို့အပြင် ၂၀၁၁ ခုနှစ်၌ Sodexoသည် အလုပ်ခွင်ဆိုင်ရာ အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာရန် ကတိကဝတ်ကို အတည်ပြုရေးအတွက် IUF နှင့် နိုင်ငံတကာသဘောတူညီချက်မူဘောင်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ဤသဘောတူညီချက်၌ လိင်ပိုင်းဆိုင်ရာထိပါးစော်ကားမှုနှင့်သက်ဆိုင်သည့် နောက်ဆက်တွဲတစ်ခုကို ထည့်သွင်းခဲ့ပါသည်။ များမကြာမီကပင် ၂၀၂၁ ခုနှစ်၌ Sodexo နှင့် IUF တို့သည် အလုပ်ခွင်အတွင်း ကျန်းမာရေးနှင့် လုံခြုံမှုဆိုင်ရာ နှစ်ဦးသဘောတူ ကတိကဝတ်များကို ရည်ရွယ်တွန်းအားပေးသည့် ကြေညာစာတမ်းတစ်ခုကို လက်မှတ်ထိုးခဲ့ပါသည်။

## ကျွန်ုပ်တို့၏ လုပ်ငန်းခွင်

Sodexo သည် ကမ္ဘာ့အများဆုံးအလုပ်အကိုင်ပေးနိုင်သည့် အဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်ပါသည်။ ၎င်းကတိကဝတ်များကို ကမ္ဘာတစ်ဝှမ်းရှိ ကျွန်ုပ်တို့၏ ဝန်ထမ်းများ တစ်ယောက်ချင်းစီတိုင်းကို ကျင့်သုံးစေပါသည်။ ခေါင်းဆောင်များ၊ အလုပ် အမှုဆောင်များ၊ မန်နေဂျာများအားလုံးသည် လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် ကျွန်ုပ်တို့၏ကတိကဝတ်များနှင့် ဆက်နွယ် သိရှိခြင်း၊ လိုက်နာခြင်းတို့အတွက် တာဝန်ရှိသည့်အပြင် ၎င်းတို့၏ လုပ်ငန်းများ၊ မူဝါဒများ၊ ဆောင်ရွက်ချက်များတွင် ကျင့်သုံးရန် တာဝန်ရှိပါသည်။

Sodexo ၏ အဖွဲ့များအနေဖြင့် ကမ္ဘာတစ်ဝှမ်းရှိ ကျွန်ုပ်တို့၏လူများအတွက် အနည်းဆုံးစံသတ်မှတ်ချက်များအား လိုက်နာခြင်း ကို လေ့လာရန်အတွက် မျှော်မှန်းပါသည်။

### လုံခြုံ၍ ကျန်းမာကောင်းမွန် စိတ်ချရသော လုပ်ငန်းခွင်

Sodexo အနေဖြင့် ကမ္ဘာ့ကျန်းမာရေးနှင့်လုံခြုံရေးဆိုင်ရာ ယဉ်ကျေးမှုကို လက်ခံထားရှိပြီး ကမ္ဘာ့အဆင့်မီ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ စွမ်းဆောင်ရည်ကို ဝန်ဆောင်မှုပေးရန် ဆောင်ရွက်ပါသည်။ **Sodexo** အနေဖြင့် လုပ်ငန်းခွင်အား ကျန်းမာရေးနှင့် လုံခြုံရေး အစီအစဉ်ကို ဦးစားပေးသည့် လုပ်ငန်းခွင်ကို ဖြစ်စေပြီး

အနည်းဆုံးအားဖြင့် အသုံးချ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအရ လိုက်နာဆောင်ရွက်နိုင်ပြီး ကျန်းမာကောင်းမွန်၍ လုံခြုံသော လုပ်ငန်းခွင်နှင့် အခြေအနေများကို ဖန်တီးပေးပါလိမ့်မည်။ ကျွန်ုပ်တို့၏ အလုပ်ခွင်အတွင်း အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအတွက် နေရာထိုင်ခင်းများ စီစဉ်ပေးသည့်အခါ ဝန်ထမ်းများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုနှင့် အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် သောက်သုံးရေရရှိရေး၊ လုံလောက်သော သန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့များ၊ အချို့သောပုဂ္ဂိုလ်ရေးနေရာထိုင်ခင်းနှင့် ကိုယ်ရေးကိုယ်တာကိစ္စ၊ အလုပ်ခွင်၌ နေထိုင်သော လုပ်သားတိုင်းအတွက် စောင့်ကြပ်ကြည့်ရှုသူ၊ သက်ဆိုင်ရာ အဆောက်အဦ စည်းကမ်းချက်များအား လိုက်နာမှု၊ သန့်ရှင်းစိတ်ချရသော အသုံးအဆောင်များ စသည်တို့နှင့် ပတ်သက်၍ သင့်တင့် လျောက်ပတ်သော ဆောင်ရွက်ချက်အဆင့်များကို လုပ်ဆောင်ရပါသည်။ အလုပ်ခွင်တွင် နေထိုင်သော လုပ်သားများသို့ ထောက်ပံ့သော ဝန်ဆောင်မှုများဖြစ်သည့် အဝတ်လျှော်စက်၊ ကုန်စုံဆိုင် စသည်တို့ကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းချပေးပါလိမ့်မည်။

## ကျယ်ဝန်း၍ အားလုံးပါဝင်နိုင်သော လုပ်ငန်းခွင်

Sodexo သည် ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် အရည်အချင်း၊ တတ်မြောက်မှု၊ အတွေ့အကြုံနှင့် အခြားအလုပ်နှင့် သက်ဆိုင်သော စံသတ်မှတ်ချက်များကို အခြေခံ၍ ခန့်ထားခြင်းဖြစ်စေရန် ကတိကဝတ်ပြုပါသည်။ ထိုစံသတ်မှတ်ချက်များကို အလုပ်ခွင်ရှိ အခြေအနေအားလုံး ဥပမာ- ဝန်ထမ်းသစ်စုဆောင်းခြင်း၊ ဖောက်သည်နှင့်အလုပ်လုပ်ခြင်း၊ စီမံကိန်းလွှဲအပ်ရာတွင် ရွေးချယ်ခြင်း၊ သို့မဟုတ် ရာထူးတိုးခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်း နှင့် အခြား ကဏ္ဍများ စသည်တို့တွင် အသုံးချပါသည်။

Sodexo သည် ခွဲခြားဆက်ဆံမှုများကို ဆန့်ကျင်ပြီး အားလုံးပါဝင်နိုင်သော အလုပ်ရှင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အလုပ်ခွင်၌ ကောင်းမွန်စွာ ပေါင်းစပ်ဖွဲ့စည်းထားပြီး ကောင်းမွန်ခြင်းကို ခံစားနိုင်သော ကျယ်ပြန့်သည့် လုပ်သားအင်အားကို လိုလားပါသည်။ Sodexo သည် ဖိုမဖြစ်တည်မှု၊ လိင်ပိုင်းဆိုင်ရာ ခံယူချက်၊ အသက်အရွယ်၊ လူမျိုးစု၊ နိုင်ငံသား၊ တိုင်းရင်းသား၊ အသားအရောင်၊ ဘာသာတရား၊ အိမ်ထောင်ရေးအခြေအနေ၊ ကိုယ်ဝန်ရှိခြင်း၊ မျိုးရိုးဗီဇလက္ခဏာ၊ မသန်စွမ်းမှုနှင့် ဥပဒေအရ ကာကွယ်ထားသော အခြားသွင်ပြင်လက္ခဏာများနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်နိုင်သည့် အလုပ်ခွင်ဘဝအတွေ့အကြုံ ကို ဖန်တီးပေးရန် ဆောင်ရွက်ပါသည်။

## လေးစားလိုက်နာမှုရှိသည့် လုပ်ငန်းခွင်

Sodexo သည် ဝန်ထမ်းများအားလုံး တစ်ဦးနှင့်တစ်ဦး ရိုးသား လေးစားစွာဖြင့် ဆက်ဆံကြရန် မျှော်မှန်းပါသည်။ ဤတွင် လုံခြုံစိတ်ချရမှုရှိစေခြင်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဂုဏ်သိက္ခာနှင့် လုံခြုံမှုတို့အတွက် လေးစားခြင်းကို ဖော်ပြသော အခြား လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။ Sodexo သည် လုပ်ငန်းခွင်၌ မည်သည့်ပုံစံဖြင့်မဆို

စကားအရသော်လည်းကောင်း၊ ခံစားချက်အရသော်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအရသော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းဆိုင်ရာအရ သို့မဟုတ် အခြား စော်ကားခြင်း၊ အလွဲသုံးစားပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ခြင်း စသည်တို့ကို ကျူးလွန်မှုအား တားမြစ်ပါသည်။ ဤအပြုအမူမျိုး ကျူးလွန်သူ မည်သူကိုမဆို ချက်ချင်း တာဝန်မှရပ်စဲခြင်းအပါအဝင် စည်းကမ်းချိုးဖောက်မှုဖြင့် အရေးယူ ခံရပါမည်။

## အတင်းအကျပ်ခိုင်းစေမှုမရှိခြင်းနှင့် လူကုန်ကူးမှုမရှိခြင်း

Sodexo အနေဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးနယ်ပယ် တစ်ခုခုတွင် အလုပ်သမားအား အတင်းအကျပ်ခိုင်းစေမှု မည်သည့်ပုံစံမျှ မရှိစေခြင်းနှင့် ကျွန်ပြုခြင်း၊ လူကုန်ကူးခြင်းတို့အတွက် လုံးဝခွင့်လွှတ်မှုမရှိခြင်းကို ယုံကြည်လိုက်စားပါသည်။ ထို့ကြောင့် လူတိုင်းသည် အတင်းအကျပ်အလုပ်ခိုင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထိခိုက်အနာတရဖြစ်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာအား ထိန်းချုပ်ခြင်း၊ စီးပွားဖြစ် လိင်မှုကိစ္စပြုခြင်း စသည်တို့မှ ကင်းလွတ်ပြီး မည်သည့်အလုပ်မျိုးမှမဆို အချိန်မရွေး နုတ်ထွက်ခွင့် ရှိသည့်အပြင် Sodexo သည် အလုပ်သမားများအပေါ် သစ္စာရှိပြီး အလုပ်အခြေအနေများနှင့်ပတ်သက်၍ ပေးထားသောကတိများကိုလည်း စောင့်တည်ပါသည်။ ၎င်းအပြင် Sodexo မှ အလုပ်သမားသစ်စုဆောင်းခြင်းအတွက် အခကြေးငွေမပေးရပါ၊ ကျွန်ုပ်တို့အတွက် အလုပ်လုပ်သူ မည်သူမျှ အခကြေးငွေပေးစရာမလိုပါ၊ အလုပ်သမားသစ်စုဆောင်းခြင်းဆိုင်ရာ လုပ်ငန်းများနှင့် ဆက်ဆိုင်သည့် ကုန်ကျစရိတ် အားလုံးကို Sodexo ကသာ ကျခံပါသည်။

## ကလေးအလုပ်သမားမရှိခြင်း

Sodexo အနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ သင်တန်းအစီအစဉ်၏ အပိုင်းတစ်ခုအဖြစ် အလုပ်သင်ကာလ သို့မဟုတ် လုပ်အားပေးကာလ မှလွဲ၍ အသက်၁၅နှစ် အနည်းဆုံးရှိသူများကိုသာ ခန့်ထားရန် ကတိကဝတ်ပြုထားပါသည်။ တရားဝင်အသက် ၁၅ နှစ်အထက် သတ်မှတ်ထားသော နိုင်ငံများတွင် ဒေသဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာပါသည်။ အန္တရာယ်ရှိသော လုပ်ငန်းများအတွက် ရှင်းလင်းတိကျသည့် အသက်အရွယ်ကန့်သတ်မှုကို ကုမ္ပဏီ၏ မူဝါဒနှင့်အညီ သတ်မှတ်ထားပါသည်။ ငယ်ရွယ်သူအလုပ်သမားများ၏ အလုပ်အကိုင်အား အလုပ်လုပ်ချိန်၊ လုပ်ခလစာ၊ အလုပ်အခြေအနေနှင့် အနိမ့်ဆုံးပညာအရည်အချင်း စသည်တို့နှင့် စပ်လျဉ်း၍ တရားဝင် ကန့်သတ်ချက်များအရ ဆောင်ရွက်ပါသည်။

## လူမှုလွတ်လပ်ခွင့်နှင့် စုပေါင်း ညှိနှိုင်းဖော်ထုတ်ခွင့်

Sodexo သည် အလုပ်သမားများအနေဖြင့် ကြိုက်နှစ်သက်သည့် အလုပ်သမားသမဂ္ဂသို့ ဝင်ရောက်ခြင်း/မဝင်ရောက်ခြင်းနှင့် ပြန်လည်တုံ့ပြန်မှု **(သို့)** ခွဲခြားဆက်ဆံခံရမှုတို့မှ ကင်းဝေးသည့် စုပေါင်းညှိနှိုင်းဆွေးနွေးမှုတို့နှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်များကို လေးစားပါကြောင်း ကတိကဝတ်ပြုထားပါသည်။ ကျွန်ုပ်တို့သည် ဥပဒေဆိုင်ရာ ဝန်ထမ်းကိုယ်စားလှယ်များနှင့် ယုံကြည်မှုရှိစွာ

ညှိနှိုင်းဆွေးနွေး ပါလိမ့်မည်။ ကျွန်ုပ်တို့သည် လူမှုလွတ်လပ်ခွင့်နှင့် စုပေါင်းညှိနှိုင်းဖော်ထုတ်ခွင့်အတွက် လေးစားမှုရှိစေရန် နိုင်ငံအသီးသီး၏ တရားဝင်မူဘောင်အတွင်းမှ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်  နိုင်ငံများ၏ ဥပဒေများကို လေးစား လိုက်နာပါမည်။ လူမှုလွတ်လပ်ခွင့်နှင့် စုပေါင်းညှိနှိုင်းဖော်ထုတ်ခွင့်အား ဥပဒေဖြင့် ကန့်သတ်ထားသော နိုင်ငံများတွင် ကျွန်ုပ်တို့သည် အလုပ်သမားများကို ကိုယ်စားပြုသည့် အခြားတန်းတူနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လုပ်ဆောင်သွားမည်ဖြစ်သည်။ **(**ဥပမာအားဖြင့် အစည်းအဝေးများ၊ ကော်ဖီသောက်နားချိန်များ၊ ညှိနှိုင်းစေ့စပ်စစ်တမ်းများကောက်ခြင်း စသည်**)**

## တရားဝင် လုပ်ခလစာ၊ အကျိုးခံစားခွင့်များနှင့် အလုပ်ချိန်

Sodexo သည် ဝန်ထမ်းများ အလုပ်လုပ်ခဲ့သည့် အလုပ်ချိန်နှင့်အညီ အချိန်ဇယားဆွဲ၍ တရားဝင်လုပ်ခလစာနှင့် အကျိုး ခံစားခွင့်များပေးရန် မျှော်မှန်းပါသည်။ ကျွန်ုပ်တို့အဖွဲ့များသည် ဝန်ထမ်းများအတွက် အများဆုံးအလုပ်ချိန် ကန့်သတ်ချက်များ နှင့် နားချိန်အတွက် လိုအပ်ချက်များအပါအဝင် အလုပ်ချိန်နှင့်ပတ်သက်၍ အသုံးချ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အားလုံးကို စောင့်ကြည့်သွားမည်ဖြစ်ပါသည်။ အလုပ်သဘောတရားအပေါ် မူတည်၍ ဥပဒေက ခွင့်ပြုမှသာ လိုအပ်ပါက အချိန်ပိုအလုပ်ဆင်းခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

## ရွှေ့ပြောင်းလုပ်သားများအတွက် အထူးဆောင်ရွက်ချက်

Sodexo သည် မိမိအိမ်နှင့်အဝေးရှိ အခြားနိုင်ငံများမှ ကျွန်ုပ်တို့ထံ လာရောက်လုပ်ကိုင်ကြသူများ၏ အထူးအခြေအနေများကို အသိအမှတ်ပြုပါသည်။ ၎င်းရွှေ့ပြောင်းလုပ်သားများ၏ ပြောင်းရွှေ့ခြင်းမှ ဖြစ်ပေါ်လာသော အခွင့်အရေးများ အလွဲသုံးစား မဖြစ်စေရေးနှင့် အခွင့်အရေးများ ငြင်းပယ်ခြင်းခံရမှု မဖြစ်ပေါ်စေရေး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်သွားမည်ဖြစ် ပါသည်။

# ကျွန်ုပ်တို့၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေး

Sodexo သည် ကျွန်ုပ်တို့၏ ဖောက်သည်များနှင့် ကုန်သွင်းသူများထံ ဤမူဝါဒများကို ဆက်သွယ်ဖြန့်ဝေပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စီးပွားမိတ်ဖက်များထံ ဤမူဝါဒများနှင့် ၎င်းတို့၏ အခြေခံစည်းမျဉ်းများကို ထောက်ပံ့နိုင်ရန် မျှော်မှန်းပါသည်။ ကျွန်ုပ်တို့အနေဖြင့် အမှန်တကယ်ဖြစ်ပေါ်လာနိုင်သော လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်စစ်ဆေးရန်အတွက် ကျွန်ုပ်တို့၏ စီးပွားမိတ်ဖက်များနှင့်အတူ သင့်တော်သလို ညှိနှိုင်းဆောင်ရွက်ရသည်မျိုး ရှိနိုင်ပါ သည်။

# ကျွန်ုပ်တို့၏ အဖွဲ့အစည်းများ

Sodexo သည် စီးပွားရေးလုပ်ငန်းကို ကမ္ဘာတစ်ဝှမ်း ဆောင်ရွက်ပါသည်။ Sodexo သည် ကျွန်ုပ်တို့လည်ပတ်နေသော အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကူညီထောက်ပံ့ရန်နှင့် အဖွဲ့အစည်းများအတွင်း တာဝန်သိ နိုင်ငံသားတစ်ယောက် ဖြစ်လာစေရန် ဦးတည်ဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ဖောက်သည်များ၊ စားသုံးသူများနှင့် ကုန်သွင်းသူများ အနေဖြင့် ထိုအဖွဲ့စည်းများနှင့် ပေါင်းဖက်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပါသည်။ ကျွန်ုပ်တို့စီးပွားရေး ဆောင်ရွက်ချက် များနှင့် ဆက်နွယ်လာနိုင်သော ကျွန်ုပ်တို့အဖွဲ့အစည်းများအတွင်း လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု ပြဿနာများ အတွက် ဖြေရှင်းနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွန်ုပ်တို့စီးပွားရေးဆောင်ရွက်သော အဖွဲ့အစည်းများ၏ စပ်ဆက် ပတ်သက်သူများကို စေ့စပ်ညှိနှိုင်းသွားပါမည်။

# ပြဿနာများအား အစီရင်ခံခြင်း

ကျွန်ုပ်တို့သည် စပ်ဆက်ပတ်သက်သူများဖော်ထုတ်သည့် စီးပွားရေးနှင့်ပတ်သက်သည့် ပြဿနာများနှင့် လူ့အခွင့်အရေးများ အပေါ် သက်ရောက်မှုများဖော်ထုတ်ခြင်းကို ကြိုဆိုပါသည်။ ဒဏ်ပေးခြိမ်းခြောက်မှုမှ ကင်းလွတ်စေပြီးလျှင် ပြဿနာများ အစီရင်ခံခြင်းအတွက် အဓိပ္ပါယ်ရှိသော နည်းလမ်းများသည် အထူးသဖြင့် ကျွန်ုပ်တို့၏ ဝန်ထမ်းများအတွက် အရေးကြီးပါ သည်။ ဤကဲ့သို့ပင် ကျွန်ုပ်တို့၏ ဖောက်သည်များ၊ ကုန်သွင်းသူများနှင့် ၎င်းတို့၏ ဝန်ထမ်းများ၊ ကျွန်ုပ်တို့ လည်ပတ်ဆောင်ရွက် နေသော အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များ၊ ကျွန်ုပ်တို့စီးပွားရေးမှ ရိုက်ခတ်နိုင်သည့် အခြား စပ်ဆက်ပတ်သက်သူများအနေဖြင့် ကျွန်ုပ်တို့၏ အလေးထားမှုဖြစ်သည့် ဆိုးကျိုးသက်ရောက်မှုဖော်ထုတ်ရေးနည်းလမ်းများ ရှိရပါမည်။

Sodexo သည် ဝန်ထမ်းများနှင့် အခြားစပ်ဆက်ပတ်သက်သူများအတွက် စီးပွားရေးဆောင်ရွက်သော မည်သည့်နေရာတွင်မဆို ကျွန်ုပ်တို့၏ စီးပွားရေးနှင့် ဆက်နွယ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ပြဿနာများ ဖော်ထုတ်နိုင်ရေး  ထိရောက်သော ယန္တရားတစ်ခုကို ဖန်တီးထောက်ပံ့ပေးပါသည်။ ကျွန်ုပ်တို့၏ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများအကြောင်း စကားပြောလိုင်း (www.speakup.sodexo.com) မှတဆင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် တရားမဝင်သော သို့မဟုတ် စီးပွားရေးသမာဓိလမ်းညွှန်များနှင့်ဆန့်ကျင်နေသော အပြုအမူများ သို့မဟုတ် လုပ်ဆောင်ချက်များကို ယုံကြည်မှုရှိရှိ အစီရင်ခံနိုင်ရန် လူတိုင်းအတွက် ခွင့်ပြုထားပါသည်။

ဝန်ထမ်းများသည် တရားဝင်ဖွဲ့စည်းထားသော စုပေါင်းကိုယ်စားလှယ်များမှတစ်ဆင့် ဤကဲ့သို့သော ပြဿနာများကို ဖော်ထုတ် ပြောဆိုနိုင်ပါသည်။ အစီရင်ခံစာအားလုံးသည် ရိုးသားစွာအစီရင်ခံခြင်းမျိုး ဖြစ်သင့်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် သံသယရှိဖွယ်ဖြစ်သော သို့မဟုတ် လူ့အခွင့်အရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိဖွယ်ရာသော အစီရင်ခံစာတို့အား သုံးလမှ ခြောက်လ အတွင်း သင့်တော်သော အချိန်တစ်ခုဖြင့် အဖွဲ့မှ သင့်လျော်စွာ အလျင်အမြန် ဂရုတစိုက် သုံးသပ် ဆောင်ရွက်ပါမည်။ ဤကဲ့သို့သော အစီရင်ခံစာများကို ရိုးသာစွာ တင်ပြလာသောသူများအနေဖြင့် အပြစ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထိပါးစော်ကားခြင်း တို့မှ ကင်းလွတ်စေရမည့်အပြင် ၎င်းတို့၏ အထောက်အထားတို့ကို အတက်နိုင်ဆုံး ယုံကြည်မှုရှိစွာဖြင့် ဥပဒေအရ ကိုင်တွယ်ဖြေရှင်းပါလိမ့်မည်။

အစီရင်ခံစာတစ်ခုတွင် တစ်စုံတစ်ယောက်၏ ပြဿနာနှင့် ပတ်သက်၍ ကောင်းမွန်စွာ တွေ့ရှိသည့်အချိန်တွင် (ဥပမာ- စီးပွားရေးဆိုင်ရာ အလွဲသုံးစားပြုမှုပေါ်ပေါက်ခြင်း) စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဥပဒေနှင့် ကျွန်ုပ်တို့၏ မူဝါဒများနှင့်အညီ သင့်လျော်သည့် အစီအမံများ(အရေးယူပိတ်ပင်မှု၊ အမှားပြင်ဆင်ချက် စသည်) တို့ကို လိုအပ်ပါက ဆောင်ရွက်ပါမည်။

## ကြိုတင်စိစစ်ခြင်းနှင့် ပွင့်လင်းမြင်သာမှု

လူတိုင်းနှင့် မကျေနပ်ချက် ဖော်ထုတ်သည့် အစီအစဉ်တို့မှ ရရှိပေါ်ပေါက်လာသော ပြဿနာများကို စိစစ်လေ့လာခြင်းအပြင် Sodexo အနေဖြင့် ကျွန်ုပ်တို့၏ စီးပွားရေးနှင့် အမှန်တကယ် ဆက်နွယ် ဖြစ်ပွားလာနိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးနှင့် သက်ရောက်မှုများကို အကဲဖြတ်ဆန်းစစ်နိုင်ရေးနှင့် ရရှိလာသော ဆိုးကျိုးသက်ရောက်မှုများကို ဖြေရှင်းရန် သင့်တော်သည့် နည်းလမ်းများ လုပ်ဆောင်နိုင်ရေး တက်ကြွစွာ ဆောင်ရွက်ပါလိမ့်မည်။ ဆိုးကျိုးဆိုင်ရာ ဆန်စစ်လေ့လာခြင်း၊ လျော့ပါး သက်သာစေခြင်းနှင့် ပြန်လည်ကုစားခြင်းတို့အတွက် ဤလုပ်ငန်းစဉ်သည် ငွေကြေးအမှန်တကယ်ကုန်ကျမှုနှင့် ထိရောက်မှု တိုးတက်စေရန် အလို့ငှာ ပုံမှန် သုံးသပ်လေ့လာခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပါသည်။

Sodexo သည် အလုပ်သမားတိုင်း အနိမ့်ဆုံးစံသတ်မှတ်ချက်များကို လိုက်နာရန် အလို့ငှာ အောက်ပါ လူ့အခြေခံအချက်များကို ဖော်ထုတ်ထားပါသည်။

“အခြေခံအချက်” အသီးသီး သည် ဆိုးကျိုးအန္တရာယ် ဆန်းစစ်ခြင်းနှင့် လျော့ပါးစေခြင်းတို့အတွက် ထိန်းချုပ် စမ်းသပ်သည့် အစီအစဉ်နှင့် ချိတ်ဆက်ထားပါသည်။ ထိန်းချုပ်မှုများအား ကျွန်ုပ်တို့၏ အဖွဲ့တွင်း ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းထားပါသည်။

- လုံခြုံ စိတ်ချရပြီး ကျန်းမာကောင်းမွန်သော လုပ်ငန်းခွင်
- လေးစားလိုက်နာသော လုပ်ငန်းခွင်ဆက်ဆံရေး- ခြိမ်းခြောက်မှုမရှိခြင်း၊ ထိပါးစော်ကားမှုမရှိခြင်း၊ ခွဲခြားဆက်ဆံမှုမရှိခြင်း သို့မဟုတ် ချိုးဖောက်မှုမရှိခြင်း
- သင့်တော်၍ လုံခြုံမှုရှိသော လုပ်ငန်းစွမ်းဆောင်ရည်အတွက် သင်တန်းပစ္စည်းများနှင့် ကိရိယာများ
- ရှင်းလင်းပြတ်သားသော စီမံခန့်ခွဲမှု- လုပ်ငန်း ဖော်ပြချက်များနှင့် ရည်ရွယ်ချက်များ
- လုပ်ငန်းခွင်အတွင်း အခြေခံကျသော လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်း
- အချိန်ပြည့် ပေးချေခြင်း- အချိန်မှန် အချိန်တိုင်း
- မျှတသော အချိန်ဇယား - သင့်တော်သော ပိတ်ရက်များနှင့် နားချိန်များပါဝင်သည့် တရားဝင် အများဆုံးအလုပ်ချိန်အတွင်း
- ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအတွက် အချက်အလက်ဆိုင်ရာ လျှို့ဝှက်ချက် နှင့် လုံခြုံမှုရှိခြင်း
- သင့်တင့်၍ ကောင်းမွန်မှန်ကန်သော နေရာထိုင်ခင်းများ
- အသံ - ချိုးဖောက်မှုတိုင်းအား အစီရင်ခံရာတွင် လက်စားချေခြင်းမှ ကင်းလွတ်သည့်   အဓိပ္ပါယ်ရှိရှိ မကျေနပ်ချက်များ ဖော်ထုတ်နိုင်သည့် အစီအစဉ်ယန္တရား

## အခြားမူဝါဒများ၊ ကျင့်စဉ်များနှင့် ချိတ်ဆက်ခြင်း

Sodexo ၏ သင့်တော်သော စီးပွားရေးကျင့်ဝတ်ဆိုင်ရာ ကျယ်ပြောလှသည့် ကတိကဝတ်အတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုအဖြစ် ဤ လူ့အခွင့်အရေး လေးစားလိုက်နာမှုဆိုင်ရာ ထုတ်ပြန်ချက်သည် အောက်ပါ Sodexo ၏ မူဝါဒများ၊ ထုတ်ပြန်ချက်များနှင့် သဘောတူညီချက်များအရ အထောက်အပံ့ပြု သတိပေးထုတ်ပြန်ပါသည်-

- Sodexo ထားရှိရမည့် ကျင့်ဝတ်များ- စီးပွားရေးဆိုင်ရာသမာဓိလမ်းညွှန်
- Sodexo ၏ လုပ်ငန်းခွင်အတွင်း အခြေခံကျသော လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်
- နိုင်ငံတကာအစားအစာနှင့်မဟာမိတ်အလုပ်သမားများသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ မူဘောင်သဘောတူညီချက် (IUF)
- Sodexo-IUF ၏ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုကာကွယ်ခြင်းဆိုင်ရာ ပူးတွဲသဘောတူ ကတိကဝတ်
- Sodexo-IUF ၏  လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် လုံခြုံရေး ဆိုင်ရာကတိကဝတ်များနှင့် ဦးစားပေးများအတွက် ရည်ရွယ်အားဖြည့်သည့် ကြေညာစာတမ်း
- Sodexo ၏ ကမ္ဘာလုံးဆိုင်ရာ မတူကွဲပြားခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာလမ်းညွှန်ချက်များ
- Sodexo ကုန်သွင်းသူ၏ ကျင့်ဝတ်

- Sodexo ၏ လူ့သားအရင်းအမြစ်ဆိုင်ရာ မူဝါဒများ
- ကျင့်ဝတ်ဆိုင်ရာ စကားပြောလိုင်း - www.speakup.sodexo.com